ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

**THE UNION OF MYANMAR**

**THE STATE PEACE AND DEVELOPMENT COUNCIL**

# အဏုမြူစွမ်းအင်ဥပဒေ

# ATOMIC ENERGY LAW

၁၃၆၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၄ ရက်

8th June 1998

# အဏုမြူစွမ်းအင်ဥပဒေ

# ATOMIC ENERGY LAW

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ

အမှတ် ၈ / ၉၈ )

## အဏုမြူစွမ်းအင်ဥပဒေ

၁၃၆၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၄ ရက်

( ၁၉၉၈ ခုနှစ်၊ ဇွန်လ ၈ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည် နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို အဏုမြူစွမ်းအင်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အဏုမြူစွမ်းအင်** ဆိုသည်မှာအက်တမ်ခေါ်အဏုမြူ၏ အတွင်းပိုင်းဖြစ်သော နျူကလီးယပ် ပါဝင်သည့်ဖြစ်စဉ် တစ်မျိုးမျိုးမှ ရရှိသောစွမ်းအင်ကိုဆိုသည်။

## The State Peace and Development Council

## The Atomic Energy Law

( The State Peace and Development Council Law No. 8 / 98 )

The 14 th Waxing of Nayon 1360 M.E.

( 8 th June, 1998 )

The State Peace and Development Council hereby enacts the following Law :-

## Chapter I

## Title and Definition

1. This Law shall be called the Atomic Energy Law.

2. The following expressions contained in this Law shall have the meanings given hereunder :-

(a) ***Atomic Energy*** means energy obtained from any process involving the nucleus which is the inner part of an atom;

(ခ) **နျူကလီးယားပစ္စည်း**ဆိုသည်မှာအဏုမြူစွမ်းအင်ထုတ်ယူရရှိနိုင်သော ယူရေနီယမ် သို့မဟုတ် ပလူတိုနီယမ် ကိုဆိုသည်။ ယင်းစကားရပ်တွင် နျူကလီးယားပစ္စည်း ဖြစ်သည်ဟု ကောင်စီက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာသည့် ပစ္စည်းလည်းပါဝင်သည်။

(ဂ) **ရေဒီယိုသတ္တိကြွပစ္စည်း**ဆိုသည်မှာအဏုမြူ၏ နျူကလီးယပ်မှ ယင်းထက်သေးငယ်သော အမှုန်တစ်မျိုးမျိုးကို ဖြစ်စေ၊ လှိုင်းတိုလျှပ်စစ်သံလိုက်လှိုင်းဖြစ်သော ဂါမာရောင်ခြည် သို့မဟုတ် အိပ်(စ်) ရောင်ခြည်ကို ဖြစ်စေ ထုတ်လွှတ်ရာတွင် ကောင်စီကသတ်မှတ်သောနှုန်းထက်ပို၍ ထုတ်လွှတ်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေဒီယိုသတ္တိကြွသောအိုင်ဆိုတုပ်လည်း ပါဝင်သည်။

(ဃ) **ဖြာထွက်ရောင်ခြည်** ဆိုသည်မှာ အဏုမြူ သို့မဟုတ် အဏုမြူထက်သေးငယ်သော အမှုန်များဖြစ်စေ၊ ဂါမာရောင်ခြည် သို့မဟုတ် အိပ်(စ်)ရောင်ခြည် ဖြစ်စေ တစ်မျိုးမျိုး ဖြာထွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင်အသံလှိုင်း၊ ရေဒီယို လှိုင်း၊ မိုက်ကရိုဝေ့၊ အနီအောက်ရောင်ခြည်နှင့် သာမန်အလင်းတို့မပါဝင်။

(င) **ရောင်ခြည်ထုတ်ကိရိယာ** ဆိုသည်မှာဖြာထွက်ရောင်ခြည်ထုတ်လွှတ်နိုင်စွမ်းရှိသော ကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ကောင်စီကအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာသည့်ဖြာထွက်ရောင်ခြည်ထုတ်လွှတ်နိုင်စွမ်းရှိသော ကိရိယာလည်းပါဝင်သည်။

(စ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် အဏုမြူစွမ်းအင်ကောင်စီ ကိုဆိုသည်။

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကိုဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ အဏုမြူစွမ်းအင် ဦးစီးဌာန ကိုဆိုသည်။



(b) ***Nuclear Material*** means uranium or plutonium from which atomic energy can be obtained. The said expression also includes material determined by the Council by notification as nuclear material;

(c) ***Radioactive Material*** means any material which emits any type of smaller particles from the nucleus of an atom or gamma-ray or x-ray which are electromagnetic waves of short wavelength, in excess of the level prescribed by the Council. The said expression also includes radioisotopes;

(d) ***Radiation*** means any kind of emission of atom or particles smaller than atom or gamma-ray or x-ray. The said expression does not include sound wave, radio wave, microwave, infra-red ray and ordinary light;

(e) ***Irradiation Apparatus*** means a device capable of emitting radiation. The said expression also includes a device capable of emitting radiation declared by notification by the Council;

(f) ***Council*** means the Atomic Energy Council formed under section 4 of this Law;

(g) ***Ministry*** means the Ministry of Science and Technology;

(h) ***Department*** means the Department of Atomic Energy.

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံအတွင်း အဏုမြူစွမ်းအင်အသုံးပြုမှုဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) နိုင်ငံအတွင်း အဏုမြူစွမ်းအင် အသုံးပြုရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရန်၊

(ဂ) လူနှင့်ပတ်ဝန်းကျင်တွင် အဏုမြူ ဖြာထွက်ရောင်ခြည် သက်ရောက်မှုကို ကာကွယ်ထိန်းသိမ်းရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(ဃ) အဏုမြူစွမ်းအင်နှင့် သက်ဆိုင်သည့်အသိပညာ၊ အတတ်ပညာများ တိုးတက်ရေး အတွက် ပြည်တွင်း ပြည်ပ ရှိ သုတေသနဌာနများ၊ အဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အဏုမြူစွမ်းအင်ကောင်စီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဏုမြူစွမ်းအင်ကောင်စီကို ဖွဲ့စည်းရမည် -

(၁) ဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာ ဝန်ကြီးဌာနများ မှ ဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်များ



## Chapter II

## Objectives

3. The objectives of this Law are as follows :-

(a) to develop atomic energy utilization in the State;

(b) to ensure safety in utilization of atomic energy in the State;

(c) to lay down and carry out measures for prevention of atomic radiation effects on man and environment;

(d) to enable communication with local and foreign research institutes and organizations for the development of knowledge and technology relating to atomic energy.

## Chapter III

## Formation of the Atomic Energy Council

4. The Ministry:-

(a) shall, with the approval of the Government, form the Atomic Energy Council comprising the following persons :-

(1) Minister, Ministry of Science and Technology — Chairman

(2) Ministers or Deputy Ministers from relevant Ministries — Members

(၃) အဏုမြူစွမ်းအင်နှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှအကြီးအကဲများ — အဖွဲ့ဝင်များ

(၄) သင့်လျော်သည့် ပညာရှင်များ — အဖွဲ့ဝင်များ

(၅) ညွှန်ကြားရေးမှူးချုပ်, အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ်, အဏုမြူစွမ်းအင်ဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းရာတွင်လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)

## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အဏုမြူစွမ်းအင်အသုံးပြုရာတွင်လိုအပ်သော ထိန်းချုပ်မှုများ ပြုလုပ်ရေး နှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) အဏုမြူစွမ်းအင်ဆိုင်ရာ နှစ်တိုနှစ်ရှည် စီမံကိန်းများကို ချမှတ်ခြင်း၊ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊



(3) Heads of Government Departments and Organizations relevant to atomic energy — Members

(4) Suitable Scientists — Members

(5) Director General, Department of Advanced Science and Technology — Member

(6) Director General, Department of Atomic Energy — Secretary

(b) may, in forming under sub-section (a), determine the Vice-Chairman and Joint Secretary, if necessary.

5. A Council member who is not a Government servant is entitled to receive remuneration prescribed by the Ministry.

## Chapter IV

## Duties and Powers of the Council

6. The duties and powers of the Council are as follows :-

(a) laying down the policy and giving guidance in respect of having necessary controls in utilizing atomic energy;

(b) laying down short-term and long-term plans relating to atomic energy and giving guidance and supervision to implement such plans;

(ဂ) နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာ နှင့်စပ်လျဉ်း၍ လိုအပ်သော ထိန်းချုပ်မှုများ ပြုလုပ်နိုင်ရန် အပြည်ပြည်ဆိုင်ရာ စံနှင့်အညီ သတ်မှတ်ခြင်း၊

(င) နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ် ကိရိယာ ကို မှတ်ပုံတင်ခြင်း နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း တို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(စ) ပြည်တွင်း ပြည်ပရှိ အဏုမြူစွမ်းအင်ဆိုင်ရာသုတေသနဌာနများ၊ အဖွဲ့ အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအစဉ်များ ချမှတ်ခြင်း၊

(ဆ) အဏုမြူစွမ်းအင် အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဇ) အဏုမြူစွမ်းအင်နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များ၊ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြု တင်ပြခြင်း၊

(ဈ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင် အဏုမြူစွမ်းအင် ဆိုင်ရာ ဘာသာရပ်များ သင်ကြား ပို့ချခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ပြည်သူလူထုအတွင်း အဏုမြူစွမ်းအင် ဆိုင်ရာ အကျိုးသက်ရောက်မှုများ နှင့် စပ်လျဉ်းသည့် အသိပညာ ပြန့်ပွားရေး အတွက် လမ်းညွှန်ခြင်း။



(c) giving guidance and supervision in respect of utilization, production, storage, distribution, sale, import, export or disposal of nuclear material, radioactive material or irradiation apparatus;

(d) prescribing, in conformity with international standards, to enable having necessary controls in respect of nuclear material, radioactive material or irradiation apparatus;

(e) giving guidance and supervision in respect of registration and issuance of business licence of nuclear material, radioactive material or irradiation apparatus;

(f) laying down programmes to enable communication and cooperation with local and foreign research institutes and organizations relating to atomic energy;

(g) laying down policy and giving guidance in respect of research work relating to utilization, production, development and disposal of atomic energy;

(h) submitting suggestions to the Government in respect of international conventions and provisions relating to atomic energy;

(i) coordinating with relevant Ministries in respect of teaching subjects relating to atomic energy in the universities, degree colleges, colleges and institutes;

(j) giving guidance for dissemination of knowledge relating to effects of atomic energy among the public.

## အခန်း (၅)

## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝန်ကြီးဌာနသည် –

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင် လက်မှတ် သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

(ခ) လိုင်စင်ကြေး၊ လိုင်စင် သက်တမ်း နှင့် လိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

(ဂ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဏုမြူစွမ်းအင်ဆိုင်ရာဝန်ဆောင်မှုအတွက် အခကြေးငွေကို သတ်မှတ်ပေးရမည်။

၈။ ဝန်ကြီးဌာနသည် –

(က) နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာ စစ်ဆေးခြင်းလုပ်ငန်းများ ကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ညှိနှိုင်း၍ သင့်လျော်သည့် ဝန်ထမ်းများအား စစ်ဆေးရေးမှူး အဖြစ်တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရတာဝန်ပေးအပ်သည့် စစ်ဆေးရေးမှူး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၉။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ပြစ်မှုတွင် အကျုံးဝင်သည်ဟု ယုံကြည်ရသော မြေနေရာ၊ အဆောက်အအုံ၊ ယာဉ်၊ ရေယာဉ် သို့မဟုတ် လေယာဉ် ကို သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ရှာဖွေရန် သင့်လျော်သည့်ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်နိုင်သည်။



## Chapter V

## Duties and Powers of the Ministry

7. The Ministry shall :-

(a) prescribe registration fees, tenure of registration certificate and terms and conditions of registration certificate;

(b) prescribe licence fees, tenure of licence and terms and conditions of licence;

(c) with the approval of the Government, prescribe remuneration for service relating to atomic energy.

8. The Ministry:-

(a) may, in coordination with the relevant Ministries, assign duties to any suitable personnel as inspector for enabling the performance of inspection works on nuclear material, radioactive material or irradiation apparatus;

(b) shall prescribe the duties and functions of the inspector assigned duty under sub-section (a).

9. The Ministry may assign duty to suitable persons to enter and search, in accordance with the stipulations, land area, building, vehicle, vessel or aircraft believed to be involved in an offence under this Law.

၁၀။ ဝန်ကြီးဌာနသည် –

(က) ဦးစီးဌာနက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ကို သတ်မှတ်ပေးရမည်။

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

## အခန်း (၆)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန် များ

၁၁။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် –

(က) အဏုမြူစွမ်းအင်ကို လက်တွေ့အသုံးချခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ဓာတ်ခွဲခန်းအဆင့်တွင် အောင်မြင်ပြီးဖြစ်သောသုတေသနလုပ်ငန်းများကို ထုတ်လုပ်မှုအဆင့်ရောက်ရှိစေရန် အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပင်မဓာတ်ခွဲခန်းနှင့် တစ်ဆင့်ခံဓာတ်ခွဲခန်းများကို အသိအမှတ်ပြုခြင်း၊ စစ်ဆေးခြင်း၊

(ဃ) ပြည်တွင်းပြည်ပရှိ အဏုမြူစွမ်းအင်ဆိုင်ရာ သုတေသနဌာနများ၊ အဖွဲ့အစည်းများ နှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အဏုမြူစွမ်းအင် အသုံးပြုရေး နှင့် အဏုမြူရောင်ခြည်ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အဏုမြူစွမ်းအင် ဆိုင်ရာ စက်ပစ္စည်း ကိရိယာများ ကို စစ်ဆေးစမ်းသပ်ခြင်း၊

(ဆ) ဆက်လက်သုံးစွဲရန် သို့မဟုတ် သိမ်းဆည်း ထားရန် မသင့်သည့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို သတ်မှတ်ခြင်း၊



10. The Ministry :-

(a) shall prescribe the duties and functions to be carried out by the Department;

(b) may exempt any Government Department or Organization from compliance with any provision contained in this Law.

## Chapter VI

## Duties and Functions of the Department

11. The duties and functions of the Department are as follows :-

(a) carrying out research works relating to practical applications of atomic energy;

(b) carrying out advanced research works so that the research works that have already been successful at laboratory level may reach production level;

(c) recognizing and inspecting primary and secondary standard laboratories;

(d) communicating and cooperating with local and foreign research institutes and organizations relating to atomic energy;

(e) carrying out research and development works relating to utilization of atomic energy and protection from atomic radiation;

(f) inspecting and testing machinery and equipment relating to atomic energy;

(g) determining nuclear material, radioactive material or irradiation apparatus, that is not suitable for further utilization or retention;

(ဇ) နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ် ကိရိယာကို -
   (၁) လက်ဝယ်ထားရှိခြင်း နှင့် စပ်လျဉ်း၍ မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း၊
   (၂) အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း၊
   (၃) ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း နှင့် စပ်လျဉ်း၍ ကြိုတင် ခွင့်ပြုချက် ထုတ်ပေးခြင်း၊

(ဈ) ပြည်တွင်း ပြည်ပ အဏုမြူစွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကျင်းပခြင်း၊ တက်ရောက်ခြင်း၊ ပညာရှင်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင် အဏုမြူ စွမ်းအင် ဆိုင်ရာ ဘာသာရပ် များ သင်ကြားပို့ချခြင်း နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဋ) ပြည်သူလူထုအတွင်း အဏုမြူစွမ်းအင် ဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်းသည့် အသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) စစ်ဆေးရေးမှူး၏ လုပ်ငန်းတာဝန်ဆောင်ရွက်ချက်များကို ကြီးကြပ်ခြင်း၊

(ဍ) ကောင်စီနှင့်ဝန်ကြီးဌာနက သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များ ကို ဆောင်ရွက်ခြင်း၊ မိမိ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကောင်စီနှင့် ဝန်ကြီးဌာနသို့ တင်ပြခြင်း။

၁၂။ ဦးစီးဌာနသည် အဏုမြူစွမ်းအင်ဆိုင်ရာ ဝန်ဆောင်မှုအတွက် ဝန်ကြီးဌာနကသတ်မှတ်သည့် အခကြေးငွေ ရယူခွင့်ရှိသည်။



(h) with respect to nuclear material, radioactive material or irradiation apparatus :-
   (i) issuing registration certificate for keeping in possession of the same;
   (ii) issuing licence for utilization, production, storage, distribution or sale of the same;
   (iii) granting prior permission for import or export of the same;

(i) holding and attending local and foreign seminars and conferences on atomic energy, exchanging scientists and cooperating with the same;

(j) coordinating with relevant Government Departments and Organizations in respect of teaching subjects on atomic energy in the universities, degree colleges, colleges and institutes;

(k) carrying out dissemination of knowledge relating to effects of atomic energy among the public;

(l) supervising the performance of duties and functions of the inspector;

(m) carrying out the duties and functions assigned by the Council and the Ministry; submitting its report on work performance to the Council and the Ministry.

12. The Department is entitled to receive remuneration prescribed by the Ministry for service relating to atomic energy.

# အခန်း (၇)

## မှတ်ပုံတင်လက်မှတ်

၁၃။ နျူကလီးယား ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာတစ်မျိုးမျိုးကို လက်ဝယ်ထားရှိသူသည် အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ရရှိရန် လက်ဝယ်ထားရှိသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၄။ ဦးစီးဌာနသည် ပုဒ်မ ၁၃ အရလျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်လက်မှတ်သက်တမ်း နှင့် မှတ်ပုံတင်လက်မှတ်စည်းကမ်းချက်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၁၆။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် –

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ဤဥပဒေအရ ထိုက်သင့်သော အခကြေးငွေများ ကို သတ်မှတ်ချက်များ နှင့်အညီ မြန်မာငွေဖြင့် ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ၊ မြန်မာငွေနှင့် နိုင်ငံခြားငွေ နှစ်မျိုးလုံးဖြင့်ဖြစ်စေ ပေးဆောင်ရမည်။



# Chapter VII

## Registration Certificate

13. A person in possession of any kind of nuclear material, radioactive material or irradiation apparatus shall, within 30 days from the date of being in possession of the same, apply to the Department in accordance with the stipulations in order to obtain the registration certificate.

14. The Department may, after scrutinizing the application under section 13 in accordance with the stipulations, permit or refuse to issue the registration certificate.

15. The registration fee, the tenure of registration certificate and terms and conditions of the registration certificate are as prescribed by the Ministry.

16. A person who has received the registration certificate shall :-

(a) abide by this Law and rules, procedures, orders and directives made under this Law;

(b) pay the fees due under this Law, in accordance with the stipulations, in Myanmar currency or in foreign currency or in both.

## အခန်း (၈)

## လိုင်စင်

၁၇။ မှတ်ပုံတင် လက်မှတ် ရရှိသူသည် နျူကလီးယား ပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက် ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၉။ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းနှင့် လိုင်စင်စည်းကမ်းချက်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၂၀။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ဤ ဥပဒေအရ ထိုက်သင့်သော အခကြေးငွေများ ကို သတ်မှတ်ချက်များနှင့် အညီ မြန်မာငွေဖြင့် ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ၊ မြန်မာငွေနှင့် နိုင်ငံခြားငွေ နှစ်မျိုးလုံးဖြင့် ဖြစ်စေ ပေးဆောင်ရမည်။



## Chapter VIII

## Licence

17. A person who has received the registration certificate shall, if desirous of utilizing, producing, storing, distributing or selling nuclear material, radioactive material or irradiation apparatus, apply to the Department in accordance with the stipulations, in order to obtain the licence.

18. The Department may, after scrutinizing the application under section 17 in accordance with the stipulations, permit or refuse to issue the licence.

19. The licence fee, the tenure of licence and terms and conditions of the licence are as prescribed by the Ministry.

20. The person who has received the licence shall:-
(a) abide by this Law and rules, procedures, orders and directives made under this Law;
(b) abide by the terms and conditions contained in the licence;
(c) pay the fees due under this Law, in accordance with the stipulations, in Myanmar currency or in foreign currency or in both.

## အခန်း (၉)

## ကြိုတင်ခွင့်ပြုချက်

၂၁။ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာ တစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းလိုသူ သို့မဟုတ် ပြည်ပသို့ တင်ပို့လိုသူသည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သွင်းကုန်ထုတ်ကုန်ပါမစ် သို့မဟုတ် လိုင်စင် မလျှောက်ထားမီ ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၂။ ဦးစီးဌာနသည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၃။ သွင်းကုန် ထုတ်ကုန်ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသောအစိုးရဌာန၊ အဖွဲ့အစည်းသည် ဦးစီးဌာနက ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်နှင့် ညီညွတ်သော နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကိုသာ ပြည်တွင်းသို့ တင်သွင်းခြင်းကို ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ခြင်းကို ဖြစ်စေ ခွင့်ပြုနိုင်သည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၄။ ဦးစီးဌာနသည် ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော မှတ်ပုံတင်လက်မှတ်ရရှိသူကို ဖြစ်စေ၊ ပုဒ်မ ၂၀ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော လိုင်စင်ရရှိသူကို ဖြစ်စေ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -



## Chapter IX

## Prior Permission

21. A person desirous of importing or exporting any kind of nuclear material, radioactive material or irradiation apparatus shall, before applying for import-export permit or licence to the relevant Government Department or Organization, apply to the Department in accordance with the stipulations, in order to obtain prior permission.

22. The Department may, after scrutinizing the application under section 21 in accordance with the stipulations, grant or refuse to grant prior permission.

23. The Government Department or Organization authorized to issue import-export permit or licence may grant permission to import or export only the nuclear material, radioactive material or irradiation apparatus that are in conformity with the prior permission granted by the Department.

## Chapter X

## Taking Administrative Action

24. The Department may pass any of the following administrative orders on the person who has obtained registration certificate, on violation of any provision contained in section 16 or the person who has obtained licence, on violation of any provision contained in section 20:-

(က) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်သို့မဟုတ်လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၅။ (က) မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် ယင်းကာလ ကုန်ဆုံးသည့်အခါ မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင် ပြန်လည်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထား နိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ကိုပြန်လည် ထုတ်ပေးနိုင်သည်။

၂၆။ မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင် ရရှိသူသည် မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင် ပယ်ဖျက်ခြင်း ခံရပါက နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာနှင့် စပ်လျဉ်း၍ ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၁)

## အယူခံခြင်း

၂၇။ ဦးစီးဌာနက ဤဥပဒေ အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၈။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။



(a) revocation of registration certificate or licence for a limited period;

(b) cancellation of registration certificate or licence.

25. (a) The person whose registration certificate or licence is revoked for a limited period may, on expiry of the said period, apply to the Department to regain the registration certificate or licence.

(b) The Department may, after scrutinizing the application under sub-section (a) in accordance with the stipulations, re-issue the registration certificate or licence.

26. If the person who has obtained the registration certificate or licence has had the registration certificate or licence cancelled, he shall abide by the directives issued by the Department, in respect of the nuclear material, radioactive material or irradiation apparatus.

## Chapter XI

## Appeal

27. A person who is dissatisfied with the order or decision made by the Department under this Law may prefer an appeal to the Ministry within 30 days from the date of passing such order or decision.

28. The decision of the Ministry shall be final and conclusive.

## အခန်း (၁၂)

## တားမြစ်ချက်များ

၂၉။ မည်သူမျှဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကို ဦးစီးဌာနကငြင်းပယ်လျှင်ဖြစ်စေ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို လက်ဝယ်ထားရှိခြင်း မပြုရ။

၃၀။ မည်သူမျှ လိုင်စင်မရှိဘဲ နျူကလီးယား ပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၁။ မည်သူမျှဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ နျူကလီးယားပစ္စည်း၊ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ်ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့တင်သွင်းခြင်းသို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုရ။

၃၂။ မည်သူမျှဆက်လက်သုံးစွဲရန် သို့မဟုတ် သိမ်းဆည်းထားရန် မသင့်ဟု ဦးစီးဌာနကသတ်မှတ်ထားသည့်နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

## အခန်း (၁၃)

## ပြစ်ဒဏ်များ

၃၃။ မည်သူမဆိုပုဒ်မ ၂၉ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။



## Chapter XII

## Prohibitions

29. No person shall, if application has not been made for a registration certificate in accordance with this Law or if the application for a registration certificate has been refused by the Department, keep in possession nuclear material, radioactive material or irradiation apparatus.

30. No person shall, without a licence, utilize, produce, store, distribute or sell nuclear material, radioactive material or irradiation apparatus.

31. No person shall without prior permission of the Department, import or export nuclear material, radioactive material or irradiation apparatus.

32. No person shall keep in possession, utilize, produce, store, distribute or sell nuclear material, radioactive material or irradiation apparatus determined by the Department as being not suitable for further utilization or retention.

## Chapter XIII

## Penalties

33. Whoever violates the provision contained in section 29 shall, on conviction be punished with imprisonment for a term which may extend to 3 years or with fine or with both. In addition, the exhibits relating to the offence shall also be confiscated.

၃၄။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## အခန်း (၁၄)

## အထွေထွေ

၃၅။ ဦးစီးဌာနသည် –

(က) ကောင်စီ၏ ကုန်ကျစရိတ်ကို ကျခံရမည်။

(ခ) ကောင်စီ၏ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၃၆။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွ ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာနှင့် စပ်လျဉ်း၍ အဏုမြူစွမ်းအင်ဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေး တွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှု အတွက် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

၃၇။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၃၈။ ဤဥပဒေအရ တရားစွဲဆို တင်ပို့သောပြစ်မှုတစ်ရပ်ရပ် နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီစီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။



34. Whoever violates any provision contained in section 30, section 31 or section 32, shall, on conviction be punished with imprisonment for a term which may extend to 7 years and may also be liable to a fine. In addition, the exhibits relating to the offence shall also be confiscated.

## Chapter XIV

## Miscellaneous

35. The Department shall:-

(a) bear the expenses of the Council;

(b) undertake to perform the office works of the Council.

36. In an offence prosecuted under this Law, the report on findings by analysis of the Atomic Energy Department in respect of the exhibits which are the nuclear material, radioactive material or irradiation apparatus shall be conclusive evidence for such offence.

37. In instituting legal proceedings against the offender under this Law, prior sanction of the Ministry shall be obtained.

38. If an exhibit relating to any legal proceeding instituted under this Law is not easily produceable before the Court, a report or other relevant documentary evidence as to the manner of custody of the same may be submitted. Such submission shall be deemed as if it were a submission of the exhibit before the court, and the relevant court shall pass an order for disposal of the same in accordance with law.

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် –

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ



39. For the purpose of carrying out the provisions of this Law:-

(a) The Ministry may, with the approval of the Government, issue such rules and procedures as may be necessary;

(b) The Council, the Ministry or the Department may issue such orders and directives as may be necessary.

Sd./ Than Shwe
Senior General
Chairman
The State Peace and Development Council